

သူရကျော်ကျော်ချို
ဦးလှဆွေ
[ ဘုလက် ]



ဒုတိယ ဗိုလ်မှူးကြီး သူရ ကျော်ကျော်ချို ရေဆေးပန်းချီကား။



ကြည်း ၉၆၅၀ ဗိုလ်ကြီးကျော်ကျော်ချို အမည်ရေးထိုးထားသော
ရွှေ (၅) ကျပ်သားရှိ သူရဘွဲ့



# စာရေးသူ၏ အမှာ

ဗိုလ်မှူးကြီး သူရကျော်ကျော်ချိုဟာ ကျွန်တော် တပ်မတော်မှာ နေစဉ် ကျွန်တော်ရဲ့ ဒုတိယဆရာသမားဖြစ်ပါတယ်။ ပထမဆရာသမား ကတော့ သူရဲကောင်းနှစ်ထပ်ကွမ်း ဖထီးဗိုလ်မှူးကြီး စောခင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ခလရ (၂) မှာ နေခဲ့တော့ ဝနယ် မော်ဖဒေသမှာ ဗိုလ်မှူးကြီးစောခင်စိုးနဲ့ အနီးကပ်တိုက်ပွဲဝင်နေခဲ့ရပြီး ခလရ (၇၈) ရောက်တော့ ဗိုလ်မှူးကြီး သူရကျော်ကျော်ချိုနဲ့ အတူတွဲလျက် တိုက်ပွဲဝင်ခဲ့ရပါတယ်။ သူ့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်၊ စစ်ရေးသုံးသပ်ချက်၊ နယ်မြေလူထုအပေါ် ရေလို လလို ကျင့်ကြံမှု၊ ရန်သူကို နေလို မီးလို ကျင့်ကြံချေမှုန်းမှုတွေကို လက်တွေ့ကျကျ အနီးကပ်လေ့လာဆည်းပူးသင်ယူခွင့် ရရှိခဲ့ပါတယ်။ သူက တစ်ဆင့်မြင့်ရာထူး စစ်ဦးစီး ပထမတန်း ၁ ထွက်တော့ တပ်ရင်းမှူးသစ်ဖြစ်တဲ့ ဗိုလ်မှူးမောင်နီကို အရာရှိတစ်ဦးချင်း မတ်တတ်ရပ်ပြီး မိတ်ဆက်ပေးကာ တစ်ဦးချင်းရဲ့ စွမ်းရည်တွေ၊ ဂုဏ်ဒြပ်တွေကို အမွှမ်းတင် မိတ်ဆက်ပေးခဲ့ပါတယ်။

တန့်ယန်းအရှေ့ဘက် တာကော်အက်မှ တစ်ဆင့် သံလွင်မြစ်ကို Fly Ferry နဲ့ ဖြတ်ပြီး လွယ်ပန်လုံမှာ တပ်ရင်းမှူး အလွှဲအပြောင်းလုပ်တော့ ခလရ (၇၈) မှ အရာရှိ အသီးသီးကို တပ်ရင်မှူးအသစ်ဆီ မိတ်ဆက်ပေးပါတယ်။ ကျွန်တော့်အလှည့်ရောက်တော့ ''အဲကောင် ...လုဆွေ... တေဇ ၈ က ကောင်၊ အခု ''ရန်အောင်ကုန်း''မှာ ထားတယ်။ ခံစစ်စည်းရဲ့ ရှေ့ဆုံးကုန်း၊ ရန်သူနဲ့ ကိုက်တစ်ရာပဲဝေးတယ်။ တပ်ခွဲသာ လဲထားတယ်၊ တပ်ခွဲမှူးမလဲသေးဘူး။ ဒီကောင့်ပဲ ဆက်ထား ၊

ဒီကောင်ကသိပ်သတ္တိရှိတယ် ကျွန်တော်ထက် သတ္တိရှိတယ်။ ဒါပေမဲ့ စခန်းထိုင်ဆိုပြီး ပျင်းလို့ ရှုံးခေါ် မရိုက်နဲ့ ၊ ခင်ဗျား ခံသွားရမယ်။ ကျုပ်ကိုတောင် ညှာတာ မဟုတ်ဘူး ။ (၈) ဖဲမှောက်ပြီး တစ်ဝိုင်းလုံး သိမ်းသွားတာ'' လို့ မိတ်ဆက်ပါတယ်။ တပ်ရင်းမှူးအသစ် ဗိုလ်မှူးမောင်နီက ကျွန်တော့်ကို သူ့မှတ်စုစာအုပ်ထဲမှာ ''ဗိုလ်လှဆွေ၊ တပ်ရင်းမှူးထက် သတ္တိရှိသူ၊ ဖိုက်တာ''လို့ မှတ်ထားလိမ့်မယ် ထင်ခဲ့တာပေါ့။ ဘယ်ဟုတ်လိမ့်မလဲ၊ သူ့မှတ်စုကို ခိုးကြည့်ခဲ့တဲ့ I.O က ပြန်ပြောခဲ့တာကတော့ ''ဗိုလ်လှဆွေဖဲသမား'' လို့ မှတ်ထားပါသတဲ့ ။

မည်သို့ပင်ဆိုစေ မြန်မာ့တပ်မတော် ခေတ်သစ် သူရဲကောင်းတစ်ဦးဖြစ်ပြီး ဗကပ ဗဟိုပြိုကွဲမှုကို ၁၉၈၅ ခုနှစ်ကတည်းက စတင် ထိတွေ့ဆက်ဆံခဲ့သူဟာ ဗိုလ်မှူးကြီးသူရကျော်ကျော်ချို ဖြစ်နေတာကို တအံ့တသြ တွေ့ရှိခဲ့ရပါတယ်။ သူဟာ တရုတ်သွေးပါသူဖြစ်ပြီး သူ့ ဖခင် ပညာမင်းကြီးဦးချိုရဲ့ မိဘတွေ၊ တစ်နည်းဆိုရသော် ဗိုလ်မှူးကြီး သူရကျော်ကျော်ချိုရဲ့ အဘိုးအဘွား နှစ်ပါးဟာ မကွေးမြို့မှ ဦးစစ်ကြူ၊ ဒေါ်ကျင်တို့ ဖြစ်ကြပါတယ်။ တရုတ်သွေးပါတဲ့ ဗိုလ်မှူးကြီးဟာ တရုတ်သီချင်းအချို့ကိုလည်း တရုတ်လို ဆိုနိုင်ပါတယ်။ (ဥပမာဆိုင်နားလီ) ဒါကြောင့် ကိုးကန့်တရုတ် ဖုံးကြားရှင်ရဲ့ တပည့်နဲ့ ကွမ်လုံမှာ အဆက်အသွယ်ရခဲ့တာ။ ကိုးကန့်တွေ သူ့အပေါ်ကို ပုဂ္ဂိုလ်ရေး ယုံကြည်ခဲ့တာတွေကြောင့် ဖြစ်နိုင်ပါတယ်။ ၁၉၈၅ ခုနှစ်က ဗကပ ဗဟိုက ခွဲထွက်ဖို့ ကိုးကန့်အပါအဝင် ဝ၊ မိုင်းလား၊ ကချင် ၁၀၁ စစ်ဒေသတွေရဲ့ အကြံအစည်နဲ့ တပ်မတော်ရဲ့ အကူအညီကိုရယူ လိုကြောင်း စာပို့ရေးသားချက်များကို လားရှိုးရှိ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ်သို့ မရောက်မီ လမ်းခုလတ်က ဖြတ်တိုက်လုပ်ကြံခဲ့ခြင်းဟာ

သာမာန်ယာဉ်တန်း ချုံခိုတိုက်ပွဲတစ်ခု မဟုတ်ပါဘူး။

တချို့က ဗျူဟာယာဉ်တန်း မထွက်ခွာမီ တစ်ပတ်အလိုမှာ ပြန်သွားတဲ့ KIA နဲ့ ဆက်နွယ်သူ ကချင်ဆရာမ 'နူးတောင်'ရဲ့ သတင်းပေးမှုကြောင့် သုံးသပ်ထားတာတွေလည်း ရှိပါတယ်။ ကျွန်တော် စဉ်းစားမိတာက 'နူးတောင်' အနေနဲ့ ဒီလိုလုပ်လိမ့်မယ်လို့ မထင်ပါဘူး။ ဘာလို့ လဲဆိုတော့ နူးတောင်လည်း ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ သူ့မှာ အဲလိုစိတ်ထား မရှိဘူးလို့ ယုံကြည်ပါတယ်။ ဥပမာခဥစ်စမတ်အကြိုညတစ်ခု ကချင်ရွာတစ်ရွာမှာ တပ်ရင်းမှူးနဲ့ အတူ ဂစ်တာတီးပြီး ကယ်ရယ်ဆင်း လှည့်နေတဲ့ ကျွန်တော်ပါဝင်တဲ့ ခရစ်ယာန် ဓမ္မတေးဆိုအဖွဲ့ကို KIA က ပစ်ခတ်တိုက်ခိုက်ဖို့ ချဉ်းကပ်လာခဲ့ရာမှာ 'နူးတောင်'က ဟန့်တားခဲ့လို့ ကျွန်တော်တို့ ဘာမှ မဖြစ်ခဲ့ပါဘူး။ နောက်တစ်နေ့မှ သူတို့ အိပ်သွားတဲ့ ပြားနေတဲ့ မြက်တွေကြည့်ပြီး အင်အားအတော်များကြောင်း ခန့်မှန်းမိတာပါ။

ဗိုလ်မှူးကြီး သူရကျော်ကျော်ချို လုပ်ကြံခံရမှုဟာ ရုပ်ရှင်ဆန်ပါတယ်။ ဒါပေမဲ့ တကယ်ဖြစ်ခဲ့တာပါ။ သူတို့ ကို သတ်ပစ်လိုက်နိုင်ခဲ့တဲ့ အတွက် ဗကပဗဟိုကခွဲထွက်မယ့် လက်နက်ကိုင်တိုင်းရင်းသား အင်အားစုများ ဟာ သုံးနှစ်ခန့် နှောင့်နှေးသွားခဲ့ရပါတယ်။

အဲဒါကြောင့် ၁၉၈၈ အရေးအခင်းမှာ ဗကပ ဗဟိုက လွှတ်တဲ့ ယူဂျီများ စိမ့်ဝင်မှုများ ပြီး ဆူပူအုံကြွမှုကြီးမားအောင် သွေးထိုးလုပ်ဆောင်နိုင်ခဲ့တဲ့ အပြင် စစ်ရေးနဲ့ နိုင်ငံရေး နှစ်ဖက်ညှပ်တိုက်စစ်ဆင်တဲ့ အနေနဲ့ မိုင်းယန်းဒေသကို ဗကပတို့ ရဲ့ အထွေထွေ ထိုးစစ်ကြီးကိုလည်း ဆင်နိုင်ခဲ့တာဖြစ်ပါတယ်။ သူရဲ့

ကျဆုံးမှုဟာ မြန်မာနိုင်ငံရေးအလှည့်အပြောင်းကို တစ်ဆစ်ချိုး ပြောင်းသွားစေခဲ့တယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဂျပန်စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ရာမာမိုတို စီးလာတဲ့ လေယာဉ်ကို အမေရိကန်လေတပ်ဟာ အခွင့်ကြုံလို့ ပစ်ချခဲ့တာမဟုတ်ဘဲ ကြားဖြတ်ဖမ်းယူရရှိတဲ့ လျှို့ဝှက်ကြေးနန်းရဲ့ ဝှက်စာကိုဖော်ထုတ်ပြီး စနစ်တကျပြင်ဆင်၊ ကောင်းကင်ယံမှာ တိုက်လေယာဉ်တွေက ကြိုတင်စောင့်မျှော်ပြီး ပစ်ချလုပ်ကြံခဲ့တာနဲ့ အလားသဏ္ဌာန်တူပါတယ်။ ဗိုလ်ချုပ်ကြီး ရာမာမိုတိုဟာ ပုလဲဆိပ်ကမ်းကို နာလန်မထူနိုင်အောင် တိုက်ခိုက်ခဲ့လို့ အမေရိကန်စစ်တပ်ရဲ့ အငြိုးကြီးစွာဖြင့် လုပ်ကြံသတ်ဖြတ်ရေး အစီအစဥ်ကို ရေးဆွဲခဲ့တာဖြစ်ကြောင်း တွေ့ရမှာ ပါ။

အခုလည်း ဗိုလ်မှူးကြီး သူရကျော်ကျော်ချိုဟာ ဗကပကို အထိနာအောင် တိုက်စစ်ဆင်နိုင်ခဲ့သူ ဖြစ်သည် သာမက ဗကပ ဗဟိုကို ပုန်ကန်မယ့်သူတွေရဲ့ စာရင်းဟာ သူတို့ နဲ့ အတူ ပါလာလိမ့်မယ်ဆိုတာ သိခဲ့တာကြောင့် အဲဒီစာရွက်စာတမ်းတွေကို ပြန်လည်လုယူခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ အရေးကြီးစာရွက်စာတမ်းတွေဟာ မာဇဒါဂျစ်နဲ့ အတူ မီးလောင်သွားတဲ့ အတွက်၊ 'ကိုးကန့်' - ဖုန်ကြားရှင်၊ '၁၀၁ စစ်ဒေသ' - စခုန်တယိမ်း၊ '၀'-ကျောက်ညီလိုင်၊ 'အခါ'- ဦးစိုင်းလင်းတို့ အမည်စာရင်းတွေကို ဗကပ ဗဟိုက ကြိုတင်မသိရှိခဲ့ပါဘူး။ စာရွက်စာတမ်းတွေသာ ရသွားရင် ဒီလူတွေ အသတ်ခံရပြီး မြန်မာ့စစ်ရေးအခြေအနေ တစ်မျိုးတစ်ဖုံ အလှည့်အပြောင်း ဖြစ်သွားနိုင်ပါသေးတယ်။ မည်သို့ပင်ဆိုစေ ဗိုလ်မှူးကြီး

သူရကျော်ကျော်ချိုရဲ့ တပည့်တစ်ဦးဖြစ်ခဲ့ဖူးလို့ ဂုဏ်ယူပါတယ်။ သူ့တပည့်လို့ ပြောရတာကိုက ဘာမှ မစားရ၊ မသောက်ရ ၊ ရာထူးနေရာ မရခဲ့ပေမယ့် အလွန်ဂုဏ်ရှိပါတယ်။ ဒါကြောင့် ဒီကျေးဇူးကို ဒီစာအုပ်နဲ့ ပေးဆပ်လိုက်ပါတယ်။

ဦးလှဆွေ (ဘုလက်)

၈-၅-၂၀၁၆

* * *

# စစ်ရေးပြအခမ်းအနားဖြင့် သင်္ဂြိုဟ်ခြင်း

(Funeral parade)

ကျွန်တော့်ကိုယ် ကျွန်တော် မြင်နေရသေးတယ်။ ခဏနေရင်တော့ 'ကြည်း ၉၆၅၀ ယာယီနည်းဗိုလ်မှူး ဒုတိယဗိုလ်မှူးကြီး သူရကျော်ကျော်ချို၊ သင်သွားလိုရာ သွားနိုင်ပါပြီ' လို့ အမိန့်ပြန်တမ်းဖတ်ပြီး ကျွန်တော့်ကို နှင်ကြတော့မှာ လေ။ ကျွန်တော့် ဝိညာဉ်က ကျွန်တော့်ခန္ဓာကိုယ်အနားမှာ တဝဲလည်လည် လုပ်နေတာ သုံးရက်ပဲ ရှိပါသေးတယ်။ တင်တင်မြင့်နဲ့ ကလေးသုံးယောက် ငိုနေတာတောင်မှ မဝကြသေးဘူး။ ငိုလိုက်စမ်းပါ၊ အားရအောင် ငိုပစ်လိုက်။ ခဏနေလို့ အမိန့်ပြန်ပြီးရင် လာခေါ်တဲ့ တမန်တော်နောက် အသာတကြည် လိုက်ရတော့မှာ ပေါ့။ လူ့ဘဝတုန်းက ကောင်းရာမွန်ရာပဲ လုပ်ခဲ့လေတော့ ကျွန်တော်တို့ ခရစ်ယာန်ထုံးစံအရ သူတော်စင်တွေရှိတဲ့ ကောင်းကင်ဘုံကို လိုက်သွားရတော့မှာ ပါ။ အမိန့်ပြန်တမ်း ဖတ်မယ့်အရာရှိက စာရွက်တကိုင်ကိုင် လုပ်နေပြီ။ သူ့လက်ကို တုန်တုန်ယင်ယင်မဖြစ်အောင် အတော် ထိန်းထားရဟန်ရှိတယ်။ တင်တင်မြင့်ရယ်၊ ကလေးတွေရယ်နဲ့ အပြီးတိုင် မခွဲရသေးခင် အတိတ်ဆီကို ကျွန်တော် ပြန်မြင်ယောင်မိတယ်။

* * *